# ၆၂နှစ်မြောက်အာဇာနည်နေ့ထုတ်ပြန်ကြေညာချက်၊

မြန်မာ့လွတ်လပ်ရေးဗိသုကာများ ရက်ရက်စက်စက်လုပ်ကြံခံရသော အာဇာနည်နေ့သည် ယနေ့၆၂နှစ်ပြည့်ခဲ့ပြီ။

ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဦးအဗ်ဒုရာဇတ်၊ ဦးဘဝင်း၊ ဒီးဒုတ်ဦးဘချို၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားစပ်စံထွန်း၊ ဦးအုန်းမောင် နှင့် ရဲဘော်ကိုထွေးတို့သည် တိုင်းပြည်နှင့် လူမျိုးအတွက်အသက်ပေးခဲ့ကြသော အာဇာနည်ခေါင်းဆောင်များဖြစ်ကြသည်။

စစ်အာဏာရှင်အစိုးရ အဆက်ဆက်သည် အာဇာနည်ခေါင်း ဆောင်များ၏ စွန့်လွှတ်မှုအားဂုဏ်ပြုရမည့်အစား ထိုသူရဲကောင်း တို့၏ သမိုင်းများကိုတဖြည်းဖြည်းမေ့မှိန်လာအောင် သမိုင်းဖျက်နေကြသည်။ နောင်လာနောက်သားများ မသိတော့စေရန်ဖျောက်ပစ်နေကြသည်။

မြန်မာနိုင်ငံသားများအဖို့အာဇာနည်ခေါင်းဆောင်များအသက်စွန့်အရယူပေးခဲ့သောလွတ်လပ်ရေးသည်လည်းပျောက်ဆုံးခဲ့ရသည်။

သို့သော် အာဇာနည်ခေါင်း ဆောင်များသည် မြန်မာနိုင်ငံသားများအားလုံးတို့၏ ရင်တွင်းမှ ဘယ်သောအခါမှဖျောက်ဖျက်နိုင်လိမ့်မည်မဟုတ်ချေ။

ကျွန်ုပ်တို့ မြန်မာမွတ်စလင်အစည်းအရုံးကြီးသည်လည်း မြန်မာ့လွတ်လပ်ရေးဗိသုကာများ၏ သမိုင်းများကို ဖေါ်ထုတ်ဂုဏ်ပြုရင်း အာဇာနည်ခေါင်းဆောင်များလိုလားခဲ့သည့် စစ်မှန်သောလွတ်လပ်ရေး ဒီမိုကရေစီရေး တန်းတူညီမျှမှုရှိသည့် ဖယ်ဒရယ်ပြည်ထောင်စုပေါ်ပေါက်လာသည်အထိ တိုက်ပွဲဝင်သွားကြရန် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

**အာဇာနည်မျိုး သေရိုးမရှိ။**

မြန်မာမွတ်စလင်အစည်းအရုံး

၁၉ ရက် ဇူလိုင် ၂၀၀၉၊

ဆက်သွယ်ရန်—ကျော်စွာ ၄၄ ၇၈၂ ၈၄၂ ၆၈၀၁

Email; kyawzwaunion@yahoo.co.uk